**Recent Myanmarese Books from Myanmar - Dec 2023**

**Mary Martin Booksellers Pte Ltd**
**Blk 231, Bain Street**
**#03-05, Bras Basah Complex**
**Singapore 180231**
**Tel : +65-6883-2284/6883-2204**
info@marymartin.com
www.marymartin.com

ပုဂံအနုပညာ (ဇော်ဂျီ ရေးသားခဲ့သော ပုဂံခေတ် ပန်းချီ၊ ဂီတ၊ အနုပညာစာများ စုစည်းမှု)/ဇော်ဂျီ
Myanmar : ဦးစန်းဦး 2023
238p. ; 14x21cm.
9789997132673
USD : 10.50 / PB
236 gm.

https://www.marymartin.com/web?pid=860028

မြန်မာ့အနုပညာနှင့် ယဉ်ကျေးမှုကို ကမ္ဘာကို သိစေခဲ့သည့် ပုဂံခေတ် ပန်းချီ၊ ဂီတ၊ အနုပညာတို့နှင့် ပတ်သက်၍ ဆရာဇော်ဂျီရေးသားခဲ့သည့် ဆောင်းပါးများ စုစည်းမှု စာအုပ် ဖြစ်သည်။

---

မြန်မာရန့်ပန်းချီ (Reminiscences of Myanmar Art) (အင်္ဂလိပ် + မြန်မာ)/ပန်းချီဦးအောင်ခင် = (Artist) U Aug Khin (Translator) Dr. Than Tun
Myanmar : U Zu Zu Maw-Htibaungga Publishing House, Myanmar 2023
1v. ; 22x24cm.
null
USD : 22.50 / PB
382 gm.

https://www.marymartin.com/web?pid=860029

"ရောင်စဉ်အောင်ခင်" လို့ ပန်းချီလောတွင် လူသိများသည့် စာရေးသူက ဤစာအုပ် တွင် ပုဂံခေတ် ပန်းချီရေးဆွဲဟန်များအကြောင်းက စတင်ပြီး အင်းဝခေတ်၊ ရတနာပုံခေတ် ခေတ် အဆက်ဆက် ဖြတ်သန်းလာခဲ့တဲ့ ပန်းချီရေစီးကြောင်းနှင့် ၂၀ ရာစု ပန်းချီဆွဲဟန်များ၏ သဘောသဘာဝ၊ ၁၉၉၀ ဝန်းကျင်မှ ကွယ်လွန်ခါနီး ၁၉၉၆ ထိ စာရေးသူ ရေးဆွဲသွားခဲ့သည့် ပန်းချီ များ၏ အကြောင်းအရာ၊ ရေးချက်နှင့် အရောင်များ၏ ဆန်းသစ်မှုကို ပန်းချီကား ၄၀ ကျော်နှင့်အတူ ရေးသားတင်ပြထားပါသည်။ စာရေးသူ၏ ရေးသားချက်များနှင့်အတူ ဒေါက်တာသန်းထွန်း၏ အင်္ဂလိပ်ဘာသာ ဘာသာပြန်ဆိုချက်များကိုပါ ဖော်ပြပေးထားသည်။

---

ကမ္ဘာသစ်ရှာမယ့် အီလွန်မတ်စ်/မင်းမြတ်စံ
Myanmar : ဒေါ်စန်းစန်းလွင် 2023
288p. ; 14x21cm.
null
USD : 19.50 / PB

294 gm.

https://www.marymartin.com/web?pid=860030

လက်ရှိ ယူကရိန်းအရေးအခင်းတွင် အင်တာနက်ကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းရှိ Starlink ဂြိုဟ်တုဖြင့် ပြန်ရအောင် လုပ်ပေးသူ၊ Tesla လျှပ်စစ်ကား ကုမ္ပဏီကို ဒေါ်လာ ၁ ထရီလီ ယံကျော်ဖြင့် တန်ဖိုးအမြင့်ဆုံးအထိ စွမ်းဆောင်ပေးခဲ့သူ၊ ထိုမျှဖြင့် မကျေနပ်နိုင်သေးဘဲ လူသားများ အတွက် အင်္ဂါဂြိုဟ်တွင် ဒုတိယအိမ် တည်ရန် တီထွင်ကြံစည် ဖော်ဆောင်နေသူ အီလွန်မတ်စ် (Elon Musk) ၏ နိမ့်မြင့် ထွင်းဖောက် ဆုတ်တက် လှုပ်ရှားမှုများကို မှတ်တမ်းတင်ရေးသားထားသော စာအုပ်ဖြစ်သည်။ BIG SAL

---

အကြည်တော်ရဲ့ဖြူစင်ခြင်း အမှတ်တရစာစုများ/ဟိန်းလတ် , ဂျူး , သန်းမြင့်အောင် , ကောင်းသန့် , အရိုး , နိုင်ဇော် (Lazy Club) , ညီမင်းညို , လူနေ , နှင်းဝေဖြိမ်း , မိုးစက်ဝိုင် , ကိုမြင့်ထွန်း (Quality) , ဥက္ကာမင်းဆက် , သမီးချော , ကေဇော်မိုး , ခင်သန္တာ , ဟိန်းဆက်သွင် , သူဝေး , မြလွှမ်းမိုးဆွေ , ရောင်နီသ

Myanmar : ဒေါ်သိမ့်သူစိုး 2023

254p. ; 14x21cm.
5201510711027
USD : 15.00 / PB
302 gm.

https://www.marymartin.com/web?pid=860031

မြန်မာနိုင်ငံသား ကရင်လူမျိုး ဟာသစာရေးဆရာ အကြည်တော် ကွယ်လွန်ခြင်း (၁)နှစ် ပြည့် အမှတ်တရအနေဖြင့် သူ၏ မိတ်ဆွေစာရေးဆရာများက ဆောင်းပါးများဖြင့် ဂုဏ်ပြု ရေးသားထားကြခြင်း ဖြစ်သည်။

---

ပျောက်ဆုံးကမ္ဘာ ရပ်စောက်မင်းသမီး စပ်နွမ်ဦး = My Vanished World: The True Story of a Shan Princess/နိုင်ဦး = Nel Adams

Myanmar : ဦးဘိုဘိုမျိုးကြည် 2023

260p. ; 14x21cm.
9644700831208
USD : 13.50 / PB
254 gm.

https://www.marymartin.com/web?pid=860032

Nel Adams :: My Vanished World: The True Story of a Shan Princess စာအုပ်ကို ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ စော်ဘွားသမီးတော်တစ်ပါးအဖြစ် မွေးဖွား ခဲ့ပြီး လွတ်လပ်၍ ဆွတ်ပျံ့ကြည်နူးဖွယ်ရာ ငယ်ဘဝကို ဖြတ်သန်းခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလ အတွင်း ရပ်စောက်နယ်၏ ကသောင်းကနင်းကာလများ၊ လွတ်လပ်ရေးရပြီးနောက် မြန်မာ့နိုင်ငံရေး အလှုပ်အယမ်းများအောက်မှ ရှမ်းစော်ဘွားတို့နန်းစွန့်ချိန် အစရှိသည့် ခရောင်းလမ်းကို ဖြတ်သန်းခဲ့ သူ၊ ၁၉၄၇ ပင်လုံညီလာခံကို ကိုယ်တွေ့ကြုံခဲ့သူ ရပ်စောက်မင်းသမီး စပ်နွမ်ဦး၏ ကိုယ်ရေးမှတ်တမ်းစာအုပ် ဖြစ်သည်။

---

အချစ်ဆိုသည်မှာ (LOVE)/တင်ညွန့်
Myanmar : ဦးနေထွန်း 2023

232p. ; 14x21cm.
9325487569804
USD : 10.50 / PB
226 gm.

https://www.marymartin.com/web?pid=860033

ရှေးခေတ်မှသည် ယခုခေတ်တိုင် ကမ္ဘာ့နိုင်ငံအသီးသီးမှ စံပြုလောက်အောင် ချစ်တတ် သူများ၊ ချစ်စိတ်ပြင်းသူများ၊ ချစ်စိတ်ခံစားရသူများ၊ သောကနှင့် ခွဲခွာရသူများ၊ လိင်တူအချင်းချင်း လက်တွဲခဲ့ရသူများအကြောင်းကို မှတ်တမ်းတင် ရေးသားထားသော စာအုပ်ဖြစ်သည်။

---

ပထမကျောင်းသားသပိတ်ခေါင်းဆောင် ဆရာကြီး ဦးဖိုးကွန်း၏ ဘဝနှင့် နိုင်ငံရေးဖြတ်သန်းမှု/အောင်မြင့်ဦး (မဟာဝိဇ္ဇာ)
Myanmar : ဦးကျော်ဖုန်းမြတ် 2023

356p. ; 14x21cm.
9789997159366
USD : 15.00 / PB
348 gm.

https://www.marymartin.com/web?pid=860034

အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးနှင့် လွတ်လပ်ပြီး မြန်မာ့နိုင်ငံရေးသမိုင်းတွင် မှတ်တမ်းဝင်ခဲ့သည့် ဆရာကြီး၊ ပထမကျောင်းသားသပိတ် ခေါင်းဆောင်၊ တောင်ငူမြို့ အမျိုးသားကျောင်းအုပ်ကြီး ဒို့ဗမာအစည်းအရုံးဝင် သခင်၊ ဘီဒီအေ ဗိုလ်မှူး၊ ဖက်ဆစ်တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လက်တွဲပါဝင်ခဲ့ပြီး ကန္ဒီမြို့သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့သွားရောက်စဉ် ဗမာ့တပ်မတော်၏ သေနာပတိအဖြစ် တာဝန်ပေးခံရသူ၊ ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ပြည်သူ့ရဲဘော်အဖွဲ့ကိုဦးဆောင်ခဲ့ပြီး ဖဆ ပလ အစိုးရအဖွဲ့တွင် ပညာရေး ပြည်သူဆက်ဆံရေး နှင့်ပြန်လည်ထူထောင်ရေးဝန်ကြီး တာဝန်ယူခဲ့ သူ၊ ဖဆပလ နှင့် ပြည်သူ့ရဲဘော် နိုင်ငံရေးသဘောထား ကွဲလွဲသည့်အခါ ဝန်ကြီးအဖြစ်မှနုတ်ထွက် ပြီး ပြည်သူ့ရဲဘော်တပ်ဖွဲ့ နှင့် အတူတောခိုခဲ့သူ၊ အလင်းဝင်ပြီးနောက် ထိုင်းနှင့် ဆိုဗီယက်နိုင်ငံတို့ တွင် မြန်မာသံအမတ်ကြီး နှင့် ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီး ဦးဖိုး ကွန်း၏ ဘဝနှင့် နိုင်ငံရေးဖြတ်သန်းမှုစာအုပ် ဖြစ်သည်။

---

ခွဲစိတ်ဆရာဝန်တစ်ဦး၏ ဖြောင့်ချက်/ပါမောက္ခ ဒေါက်တာမြသိန်းဟန်
Myanmar : ဦးမြင့်သူ 2023

504p. ; 18x25cm.
9789998651302
USD : 37.50 / PB

798 gm.

https://www.marymartin.com/web?pid=860035

ဘုန်းကြီးကျောင်းသား၊ န္ဒားကျောင်းသားဘဝမှ မမျှော်လင့်ခဲ့သည့် ဆရာဝန်ဘဝသို့ ရောက်ရှိခဲ့သူ၊ ဆေးသိပ္ပံ နောက်ဆုံးနှစ်ကို ပထမဆင့်ဖြင့် အောင်မြင်ခဲ့ပြီး အင်္ဂလန်နိုင်ငံ ခွဲစိတ်ကု သမားတော်များ၏ တော်ဝင်တက္ကသိုလ် အီဒင်ဘာရာမှ F.R.C.S အောင်မြင်ခဲ့သူ၊ အာဇာနည်ကုန်း ဗုံး ခွဲခဲ့ပြီး မိမိကိုယ်ကိုယ် သေကြောင်းကြံခဲ့သည့် မြောက်ကိုရီးယားလူမျိုး ကို ခွဲစိတ်ကုသပေးခဲ့ပြီး ၎င်း မှတဆင့် သတင်းဖော်ထုတ်နိုင်ပေးခဲ့သူ၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ ညွှန်ကြားရေးမှူး၊ အကြံပေးပုဂ္ဂိုလ် အစရှိသည့် ထိပ်ပိုင်းတာဝန်များကို ထမ်းဆောင်ခဲ့သူ စာရေးသူ ပါမောက္ခ ဒေါက်တာမြသိန်းဟန်၏ ဘဝဖြတ်သန်းမှု မှတ်တမ်းဖြစ်သည်။ နှစ် (၆၀) ကျော် ဖြတ်သန်းလာခဲ့သော ရိုးရိုးဆရာဝန်ဘဝ၊ ခွဲစိတ်ဆရာဝန်ဘဝ အတွေ့အကြုံများ၊ ကုသရေး အတွေ့အကြုံများ၊ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်၊ သမားတုများအကြောင်း၊ ဆေးမြီးတိုများဖြင့် ကုသခြင်း၏ အန္တရာယ်၊ သက်ကြီးပိုင်းတွင် ဖြစ်တတ် သော ရောဂါ, ကင်ဆာရောဂါအမျိုးမျိုး အပါအဝင် အဖြစ်များ ရောဂါများကို ကြိုတင်ကာကွယ်နည်း အပါအဝင် ကျန်းမာရေးဗဟုသုတများ၊ သမားနှင့် လူနာဆက်ဆံရေး အပါအဝင် အကြောင်းအရာစုံ ကို ဆောင်းပါး (၇၅) ပုဒ်အဖြစ် ရေးသားမျှဝေထားသည်။

---

အမေရိကန်နိုင်ငံမှာ အောင်မြင်တဲ့ဘဝတစ်ခု တည်ဆောက်မယ်ဆိုလျှင် (အမေရိကရောက် မြန်မာတစ်ဦး၏ အတွေးအမြင်နှင့် အတွေ့အကြုံများ) (AMERICAN DREAM)/Dr. Moe
Myanmar : ဦးဟိန်ဇော် 2023
236p. ; 14x21cm.
9789998653122
USD : 21.00 / PB
244 gm.

https://www.marymartin.com/web?pid=860036

ဩစတြေးလျနိုင်ငံတွင် စီးပွားရေးပညာသင်ကြားခဲ့ပြီးနောက် အမေရိကန်နိုင်ငံမှ ဆေးပါရဂူဘွဲ့ကို ရရှိခဲ့သူစာရေးသူက အမေရိကန်သို့ တစ်ယောက်တည်းလာခဲ့ပြီးနောက် ကိုယ်ထူးကိုယ်ချွန် ကြိုးစားကာ သူ၏ AMERICAN DREAM အကောင်အထည်ဖော်နိုင်အောင် မည်သို့ကြိုးစားခဲ့ရပုံ၊ အမေရိကန်နိုင်ငံတွင် အခြေချနိုင်သည့် နည်းလမ်းများနှင့် အကြံပြုလိုသည် များ အမေရိကန်နိုင်ငံ၏ လူနေမှုစနစ်၊ အလုပ်အကိုင်၊ အမေရိကန်ရောက် ပြည်ပနိုင်ငံသားများ အကြောင်း အစရှိသည်တို့ကို ရေးသားမျှဝေထားသည်။

---

မြန်မာမှုနယ်မှ ပလ္လင်အလှ/မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)
Myanmar : - 2023
176p. ; 14x21cm.
null
USD : 6.75 / PB
194 gm.

https://www.marymartin.com/web?pid=860037

လောကအရေး၊ ဓမ္မအရေးနှစ်ခုစလုံးနှင့် ဆက်ဆံ ပတ်သက်နေသော မြန်မာမှု အနုပညာစစ်၊ ရိုးရာအမွေအနှစ်အဖြစ် မြန်မာ့ပလ္လင်များအကြောင်းကို စာပေအထောက်အထား၊ ကျမ်းအကိုးအကားများစွာဖြင့် အခန်းစဉ် (၁၂) ခန်းခွဲကာ မှီငြမ်းပြုစုထားသော စာအုပ်ဖြစ်သည်။ နတ်မင်းတို့ထိုင်သော "ဒိဗ္ဗပလ္လင်"၊ နဂါးမင်းတို့ ထိုင်သော "နာဂပလ္လင်"၊ လူမင်းတို့ထိုင်သော "ရာဇပလ္လင်"၊ တရားဟောဓမ္မ ကထိကထိုင်သော "ဓမ္မပလ္လင်" စသည်ဖြင့် ပလ္လင်အမျိုးမျိုး အကြောင်း၊ ပလ္လင်တော် ဆိုင်ရာ ဝိဝါဒများ၊ ပလ္လင်နှင့်ကဗျာအဖွဲ့များ၊ ပလ္လင်လှူဒါန်းရခြင်း၏ အကျိုးကျေးဇူး၊ ပလ္လင်နှင့် ပတ်သက်သော ထူးခြားသည့်အဖြစ်အပျက်များ၊ 'စကားပလ္လင်ခံသည်"၊ 'တရားပလ္လင်ခံသည်" ဟူသော ပလ္လင်နှင့်ပတ်သက်သည့် ဝေါဟာရများအကြောင်းကို ပလ္လင်နှင့် ပတ်သက်သော ပန်းချီများ၊ ဓာတ်ပုံမှတ်တမ်းများနှင့် ကျမ်းကိုးစာရင်းများနှင့်တကွ မှတ်တမ်းတင် ရေးသားရှင်းလင်းထားသည်။ စာရေးသူသည် ဤစာအုပ်ဖြင့် စာပေဗိမာန် စာမူဆု မြန်မာ့ယဉ်ကျေးမှု နှင့်အနုပညာဆိုင်ရာစာပေ (တတိယဆု)ကို ဆွတ်ခူးနိုင်ခဲ့သည်။

---

မြို လူမျိုးများအကြောင်း/မောင်သာကျော် (ဖြစ်ရပ်မှန်)
Myanmar : လူပျိုကြီးစာပေ 2023

124p. ; 14x21cm.
9754862155880
USD : 7.50 / PB
138 gm.

https://www.marymartin.com/web?pid=860038

ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်အနားတဝိုက် တောင်ပေါ်တွင် အများစု နေထိုင်ကြပြီး ယဉ်ကျေးမှုဓလေ့စရိုက်သည် ချင်းလူမျိုး၊ ကချင်လူမျိုးများနှင့် နီးစပ်ကာ ကိုယ်ပိုင် ဘာသာစကား၊ စာပေရှိသည့် မြို (ခေါ်) ခမိလူမျိုးများအကြောင်းနှင့် သူတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်မှု၊ အုပ်ချုပ်ရေး၊ အသက်မွေးဝမ်းကျောင်း အစရှိသည်တို့ကို မှတ်တမ်း တင် ရေးသားထားသော စာအုပ်ဖြစ်သည်။

---

မြန်မာ့ရာသီ ဆယ့်နှစ်လနှင့် ယဉ်ကျေးမှုဓလေ့ပွဲတော်များ/ဦးသိန်းအောင် (မြန်မာစာ)
Myanmar : ဒေါ်အိဝတ်ရည်ထွန်း 2023

222p. ; 13x19cm.
9789997112644
USD : 7.50 / PB
179 gm.

https://www.marymartin.com/web?pid=860039

တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်း အစရှိသည့် လများ၏ ရိုးရာဓလေ့ ယဉ်ကျေးမှုပွဲတော်များ၊ ဆင်ယင်ကျင်းပလေ့ရှိသည့် ထုံးတမ်းအလေ့အထ၊ ကျင့်ပလာသည့် ရည်ရွယ်ချက်၊ ရှေးစာဆို ခေတ် စာဆိုများ၏ အဖွဲ့အနွဲ့၊ ရာသီနက္ခတ်ဗြိုဟ်တာရာ အစရှိသည်တို့ကို ပြည့်ပြည့်စုံစုံ လေ့လာစုဆောင်း ရေးသားတင်ပြထားသော စာအုပ်ဖြစ်သည်။

---

၁၉ ရာစုနှင့် ၂၀ ရာစုအတွင်း မြန်မာနိုင်ငံရှိ အမြောက်ခံတပ်များ/နန္ဒစည်သူ
Myanmar : ဦးမြင့်သူ 2023
56p. ; 19x25cm.
9789998651395
USD : 4.50 / PB
98 gm.

https://www.marymartin.com/web?pid=860040

၁၉ ရာစုတွင် မြန်မာဘုရင်တို့သည် အင်္ဂလိပ်တို့နှင့် စစ်ပွဲသုံးကြိမ် ဖြစ်ပွားခဲ့သည်။ ၁၈၂၄ ခုနှစ် ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲတွင် သွေးမြေကျမှုများ ဖြစ်ပွားခဲ့ပြီးနောက် ရခိုင်နှင့် တနင်္သာရီဒေသများကို ပထမဆုံးအကြိမ်အဖြစ် လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ၁၈၅၂ ခုနှစ်တွင် ဖြစ်ပွား ခဲ့သည့် ဒုတိယ အင်္ဂလိပ် - မြန်မာစစ်ပွဲတွင် ရန်ကုန်အပါအဝင် အောက်မြန်မာပြည်ကို လက်လွှတ် ဆုံးရှုံးခဲ့ရပြန်သည်။ အထက်မြန်မာနိုင်ငံကို အုပ်ချုပ်သော မင်းတုန်းမင်းသည် သူ့ပိုင်နက်နယ်မြေကို ထပ်မံမဆုံးရှုံးစေရန် နိုင်ငံရေး၊ သံတမန် ရေး စသည့် နည်းလမ်းများကို ကျင့်သုံးခဲ့သလို စစ်ရေး အနေအထားကိုလည်း ခေတ်မီ ခိုင်မာ တောင့်တင်းရန် ကြိုးပမ်းခဲ့ရာ အထက်မြန်မာနိုင်ငံကို ရောက် နိုင်သည့်တစ်ခုတည်းသောလမ်းကြောင်းတွင် ခေတ်မီခံတပ် ငါးခု တည်ဆောက်ခဲ့သည်။ ဤစာအုပ် တွင် ထိုခေတ်က တည်ဆောက်ခဲ့သော မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ ဆင်ကျုံးခံတပ်၊ အစေခံ ခံတပ်နှင့် သပြေတန်းခံတပ်များအကြောင်းအပြင် ဗြိတိသျှလက်အောက် မြန်မာနိုင်ငံရှိ မြန်မာခံတပ် များဖြစ်သော သရက်၊ တောင်ငူ၊ မော်လမြိုင်၊ စစ်တွေနှင့် ရန်ကုန်မြို့များရှိ ခံတပ်များအကြောင်းနှင့် နှစ်ဆယ်ရာစု ကာကွယ်ရေးအစီအစဉ်များကို ခံတပ်ဖွဲ့စည်းပုံဒီဇိုင်း၊ ကာကွယ်ရေးစနစ်၊ ထူးခြား ချက်၊ ခံတပ်ဆိုင်ရာဝေါဟာရရှင်းလင်းချက်များနှင့်တကွ ရှင်းလင်းရေးသားထားသည်။

---

တို့ပြည်ထောင်စုသမိုင်းနှင့် ပြည်ထောင်စုသမိုင်းမှတ်တိုင်များ/ဇော်ဂျီ
Myanmar : ဦးစန်းဦး 2023
196p. ; 13x19cm.
9789997132666
USD : 9.00 / PB
170 gm.

https://www.marymartin.com/web?pid=860041

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ခန့်မှစ၍ စည်းလုံးမှုရရှိကာ မြန်မာနိုင်ငံတော်အဖြစ် ထူထောင်ခဲ့ပုံ သမိုင်းကြောင်း၊ ထိုမြန်မာနိုင်ငံ၏ သမိုင်းကြောင်းခရီး၌ မြန်မာနိုင်ငံ တိုင်းသူပြည်သား များ၏ ပြုမူဆောင်ရွက်မှုများကိုလည်းကောင်း၊ ထိုဘဝခရီး၌ ကြုံခဲ့ကြရသော သုခ ဒုက္ခ အကောင်း အဆိုးများကိုလည်းကောင်း၊ အိမ်နီးနားချင်းနိုင်ငံတို့၏ ယဉ်ကျေးမှုနှင့် နိုင်ငံရေးပယောဂတို့ကြောင့် မြန်မာနိုင်ငံတွင် အပြောင်းအလဲဖြစ်ခဲ့ပုံများကိုလည်းကောင်း ရေးသားရှင်းလင်းထားသော စာအုပ် ဖြစ်သည်။ မြန်မာသမိုင်းကြောင်းနှင့် သမိုင်းကြောင်းတစ်လျှောက် ထင်ရှားသော ပုဂ္ဂိုလ်များ အကြောင်းကို တစ်အုပ်တည်းနှင့် ခြုံငုံလေ့လာသိရှိနိုင်မည့် စာအုပ်ဖြစ်သည်။

ညောင်ရမ်းနှင့် ကုန်းဘောင်ခေတ် နိုင်ငံရေးပုံရိပ်များ/မောင်သာ (ရှေးဟောင်းသုတေသန)
Myanmar : ဦးကျော်ကျော်လှိုင် 2023
196p. ; 14x21cm.
9789997157263
USD : 9.00 / PB
222 gm.

https://www.marymartin.com/web?pid=860042

ရှေးဟောင်းသုတေသနပညာရပ်ဆိုင်ရာများကို တစိုက်မတ်မတ် သုတေသနပြုခဲ့သလို တွေ့ရှိသမျှကိုလည်း ဆောင်းပါးများအဖြစ် ရေးသားမျှဝေလေ့ရှိသည့် စာရေးသူက ရတနာပုံ သတင်းစာတွင် ပါရှိသည့် ရှေးဟောင်းသုတေသနဆောင်းပါးများကို ဤစာအုပ်တွင် စုစည်းပေးထား ခြင်း ဖြစ်သည်။

---

မြန်မာဗုဒ္ဓဘာသာဝင်များ အမွေဘယ်လိုခွဲကြသလဲ/ဦးကျော်ဇေယျ
Myanmar : ဦးကျော်ဇေယျ 2023
184p. ; 15x21cm.
1981202309292
USD : 12.00 / PB
194 gm.

https://www.marymartin.com/web?pid=860043

မြန်မာဗုဒ္ဓဘာသာဝင်များ အမွေဆက်ခံရေး၊ အမွေခွဲဝေရေးနှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးရာတွင် အသုံးပြုသော မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၏ အကျယ်ဖွင့်ဆိုချက်များကို ဖတ်ရှုကြရမည့် စာအုပ်ဖြစ်သည်။

---

မိန်းမရိုင်း/ခင်နှင်းယု
Myanmar : ဦးစန်းဦး 2023
80p. ; 14x21cm.
null
USD : 3.75 / PB
74 gm.

https://www.marymartin.com/web?pid=860044

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

မြန်မာပြည်မြောက်ပိုင်း/နတ်နွယ်
Myanmar : ဦးစန်းဦး 2023
1v. ; 19x27cm.
9789997132567

USD : 33.00 / PB
1008 gm.

https://www.marymartin.com/web?pid=860045

ဆရာနတ်နွယ်၏ အကောင်းဆုံးလက်ရာ ဝတ္ထုရှည်ကြီးဖြစ်သည်။ သီပေါမင်း ပါတော် မူခါနီးမှာ ဖြစ်ပေါ်ခဲ့သည့် နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးတိုက်ပွဲနှင့် ပါတော်မူပြီး ဖြစ်ပေါ်ခဲ့သော နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို နောက်ခံထား၍ ထိုခေတ်ထိုအခါမှ တကယ့်ဖြစ်ရပ်မှန်များ၊ တ ကယ့်ဇာတ်ကောင်များကို ဝတ္ထုတွင် ထည့်သွင်းရေးသားထားသည်။ နယ်ချဲ့ဆန့်ကျင်ရေး၏ အရေးကြီးပုံ၊ အမျိုးသား စည်းလုံးညီညွတ်ရေး အရေးကြီးပုံများကို ဆရာနတ်နွယ်က ရည်ရွယ်ချက်ကောင်းကောင်းတွင် ရေးသားတင်ပြထားခြင်း ဖြစ်သည်။ ကချင်ပြည်နယ်မှ တိုင်းရင်းသားလူမျိုး များ၏ ဓလေ့ထုံးတမ်းများ၊ စားပုံ, နေပုံ ပြောပုံများ၊ တွေးခေါ်ပုံများ၊ ရေငွေ့ မြေငွေ့များကိုလည်း ဝတ္ထုနှင့် တစ်သားတည်း ရောနှောနေရေးသားထားသည်ကို တွေ့ရသည်။

---

ကံကောင်း/မြသန်းတင့်
Myanmar : လင်းလွန်းခင်စာပေ 2023
216p. ; 1421cm.
9720171790531
USD : 11.25 / PB
202 gm.

https://www.marymartin.com/web?pid=860046

ဂေါ်ကီ၏ ပထမဆုံးဝတ္ထုရှည်ကြီးလည်းဖြစ် ဝေဖန်ရေး ဘဝသရုပ်ဖော်ဝတ္ထုရှည်ကြီး လည်းဖြစ်သည့် မိဘမဲ့ပေါ ဝတ္ထုရှည်ကြီးကို မှီး၍ မြန်မာမှုပြု ရေးထားခြင်းဖြစ်သည်။ ဓနရှင် လူ့အဖွဲ့အစည်း၏ အပြစ်အနာအဆာများနှင့်တကွ ဓနရှင်လူတန်းစား၊ ပဒေသရာဇ်လူတန်းစား များ၏ ရုပ်တည်မှုများကို ထုတ်ဖော်ထားသော ဝတ္ထုရှည်ကြီးဖြစ်သည်။

---

ပိတောက်ပွင့်ဆဲ လသာဆဲဝယ်/တက္ကသိုလ်ဘုန်းနိုင်
Myanmar : ဦးကျော်ဇင် 2023
344p. ; 14x21cm.
9789998652125
USD : 17.25 / PB
316 gm.

https://www.marymartin.com/web?pid=860047

အဖွဲ့အနွဲ့ကောင်းကောင်း ဇာတ်အိမ်ခိုင်ခန့်စွာဖြင့် ရေးသားထားသော ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်၏ အချစ်ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။

---

မှောင်လွန်းသော ညများ/ညိုဝင်း

Myanmar : ဦးစန်းဦး 2023

214p. ; 14x21cm.
9789997132680
USD : 12.00 / PB
264 gm.

https://www.marymartin.com/web?pid=860048

မိဘမဲ့ စိတ်ရင်းစေတနာကောင်းသော အိမ်ပြေး၊ လေလွင့်လူငယ်ကလေးတစ်ဦး၏ ဘဝဒုက္ခအဖုံဖုံကို ပြောင်မြောက်စွာ ရေးဖွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ မလိခက ဤဝတ္ထု အကြောင်းကို ရေးသားထားရာ၌ " ... အင်မတန်လုပသေသပ်သော မေတ္တာဘွဲ့တစ်ပုဒ်ဖြစ်ကြောင်း ကိုကား မည်သူမျှ ငြင်းဆန်နိုင်မည် မဟုတ်ချေ။ စာဖတ်သူကို တမြည့်မြည့်ခံစားစေကာ တစ်စိမ့်စိမ့် မျက်ရည်ကျစေသော ဝတ္ထုဖြစ်သည်။ အဆုံးတွင် မျက်ရည်ပေါက်များ တလိမ့်လိမ့်ကျနေရင်းကြားမှ ကြည်နူးရွှင်ပြုံးစေသည်။ "ဟု ညွှန်းဆိုထားသည်။ စာရေးသူသည် ဤစာအုပ်ဖြင့် ၁၉၆၇ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုရှည်) (ပထမဆု)ကို ရရှိခဲ့သည်။

---

မကြွေပါနဲ့ ဆာကူရာ/ပုညခင်
Myanmar : ဒေါ်သင်းသင်းမာ 2023

196p. ; 14x21cm.
9505423600604
USD : 11.25 / PB
196 gm.

https://www.marymartin.com/web?pid=860049

စာရေးသူ ရေးသားသည့် ပုဂံနောက်ခံ အချစ်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

ရာမရကန်/ဦးတိုး
Myanmar : ဦးစန်းဦး 2023

516p. ; 14x21cm.
9789997132994
USD : 14.25 / PB
546 gm.

https://www.marymartin.com/web?pid=860050

ငါးရာ့ငါးဆယ်ဇာတ်၊ ကောဒသနိပါတ် ဒသရထဇာတ်၊ ဇာတ်ဦးရေ ၄၆၁ လာ ရာမ ဇာတ်တော်ကို ဟံသာဝတီတိုက်ထုတ် ရာမရကန် ပထမအုပ်၊ မြန်မာနိုင်ငံ သုတေသနအသင်းထုတ် ရာမရကန် ပထမတွဲနှင့် ဒုတိယတွဲတို့ကို စုစည်းတိုက်ဆိုင်၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။ ၎င်းဇာတ်တော်အပြင် ဦးရွှေ၏ အခန်း (၅) ခန်းဖြည့်စွက်ချက်နှင့် ခက်ဆစ်အဖြေကိုပါ ထည့်သွင်းပေးထားသည်။

---

ဆားပုလင်းနှင်းမောင်နှင့် မီးအိမ်လက်ဆွဲ ခရီးသည် (ဆားပုလင်းနှင်းမောင်ကိုယ်တိုင် တရုတ်ပြည်သို့ သွားရောက်၍ ဖော်ထုတ်ခဲ့သော အမှု)/မင်းသိခ်

Myanmar : ဦးဝင်းဇော် 2023

260p. ; 12x19cm.
9786030411429
USD : 10.50 / PB
192 gm.

https://www.marymartin.com/web?pid=860051

ဆရာကြီးမင်းသိခ်၏ သည်းထိတ်ရင်ဖို မှုခင်းစုံထောက်ဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

တိမ်တစ်စနှင့် နွယ်တစ်မျှင်/ပုညခင်

Myanmar : ဒေါ်သင်းသင်းမာ 2023

176p. ; 14x21cm.
9420610016214
USD : 10.50 / PB
180 gm.

https://www.marymartin.com/web?pid=801651

ပုဂံမြေ၏ လှပခြင်း၊ Problem childတို့၏ စိတ်နာကျင်မှုများကို နှိုင်းယှဉ်ခံစားရင်း မ တူညီသော ရသအပိုင်းအစများကို ဖမ်းဆုတ်ခံစားရေးဖွဲ့ထားသော ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

တွဲထိန်း/ကျော်ကျော် (မြစမ်းရည်)

Myanmar : လင်းလွန်းခင်စာပေ 2023

346p. ; 14x21cm.
2542979033569
USD : 15.00 / PB
326 gm.

https://www.marymartin.com/web?pid=860052

၂၀၀၁ ခုနှစ်က ဖြစ်ခဲ့တဲ့ မန္တလေး - မြစ်ကြီးနားလမ်းပိုင်း သံလမ်းတံတားကျိုးကျပြီး လူစီးတွဲ ၃ တွဲ ချောင်းရေထဲ မျောပါသွားတဲ့ဖြစ်ရပ်ကို အခြေခံရေးသားထားသည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ရထားလောက၏ အချင်းချင်း ကျော်တာခွတာ၊ အသွေးအသားဖြင့် လာဘ်ထိုးကြတာများ ကို စွဲမက်ဖွယ်ကောင်းတဲ့ စကားပြေနှင့် ရေးဖွဲ့ထားသည်။ မီးရထားလောက၏ dark side များကို စာရေးသူက သူဖြတ်သန်းခဲ့သည့် အတွေ့အကြုံများကို အခြေခံရေးသားထားခြင်းဖြစ်၍ အားရ ကျေနပ်သည်ဟု အမှာစာရေးသူ ဆရာရဲသျှမ်းက ဆိုထားသည်။

---

ရင်ကွဲ/နိုင်ကြည်သားနေ

Myanmar : ဦးဇော်အောင်ချို 2023

120p. ; 14x21cm.
null
USD : 8.25 / PB
124 gm.

https://www.marymartin.com/web?pid=860053

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

နှင့်/အေးမွန်ကို

Myanmar : ဦးမျိုးသူစိုး 2023

304p. ; 14x21cm.
2019010900062
USD : 18.00 / PB
320 gm.

https://www.marymartin.com/web?pid=860054

အချစ်ကို ကိုးကွယ်၊ သစ္စာတရားကို တန်ဖိုးထားတတ်သော်လည်း အချစ်ကံခေရုံသာ မက စေတနာစော်ကားခံခဲ့ရသည့် ယောက်ျားတစ်ယောက်၏ အညိုးအတေးများ၊ အမုန်းတရားများ ကို ရင်တထိတ်ထိတ်ဖတ်ရမယ့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

မနက်ဖြန် ဘယ်သူ့သမက်ဖြစ်ဖြစ်/အာကာစိုးသူ

Myanmar : ဦးသိန်းလွင် 2023

278p. ; 14x21cm.
null
USD : 13.50 / PB
260 gm.

https://www.marymartin.com/web?pid=860055

အမေဖြစ်သူ မုဆိုးမ၊ မူးယစ်သားကောင် ညီဖြစ်သူ ဆိုးပေ၊ ဆယ်တန်း မအောင်သေး ခင် ယောက်ျားနောက်လိုက်သွားသည့် ညီမ၊ ထိုဘဝအမောတွေ ပခုံးပေါ်ထမ်းထားရင်း မိမိဘဝကို အလှပဆုံးဖြစ်အောင် ပုံဖော်ထုဆစ်သွားနိုင်သူ ပအိုဝ်းတိုင်းရင်းသား ခွန်တေဇာအကြောင်းကို ဇာတ် အိမ်ဖွဲ့ရေးသားထားခြင်း ဖြစ်သည်။

---

ကျွန်းဇကေရီ/ခင်နှင်းယု

Myanmar : ဦးစန်းဦး 2023

100p. ; 14x21cm.
null
USD : 3.75 / PB

92 gm.

https://www.marymartin.com/web?pid=860056

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။

---

ညီငယ်/လင်းအိမ်
Myanmar : ၂၇ စာပေ 2023
128p. ; 14x21cm.
null
USD : 7.50 / PB
132 gm.

https://www.marymartin.com/web?pid=860057

ဖြူစင် လွတ်လပ် သန့်ရှင်းသော (၁၀) နှစ်အရွယ် ကလေးငယ်တစ်ဦး၏ အလွဲများကို ရေးသားထားသော ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

ချွေးနှင့် သွေးနှင့် ရင်းသည့်မြေ/ကျော်အောင်
Myanmar : ဒေါ်သိမ့်သူစိုး 2023
200p. ; 14x21cm.
5201510911021
USD : 9.00 / PB
198 gm.

https://www.marymartin.com/web?pid=860058

လောကကို အနုနည်းဖြင့် စိတ်ရှည်စွာ သည်းခံ စည်းရုံးတတ်သူတစ်ဦးနှင့် ခပ် ပြတ်ပြတ် အကြမ်းနည်းဖြင့် ဖြေရှင်းတတ်သူတစ်ဦးတို့ ခံယူချက် တွေးခေါ်လုပ်ကိုင်ကြပုံ မတူညီကြ သော်လည်း လောကအပေါ် ထားသည့် 'စေတနာ' သည်တူညီကြသောကြောင့် မွန်မြတ်သော ရည်မှန်းချက်ရောက်ရှိအောင် အန္တရာယ်အသွယ်သွယ်ကြားမှ ဖြတ်ကျော်ရင်ဆိုင်နိုင်ကြပုံကို ရေးသား ထားသည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ ဝတ္ထုဇာတ်လမ်းအနေဖြင့်သာမက တစ်ခေတ်တစ်ခါက ကောလိပ်ဂျင်နေဝင်း ပါဝင်သည့် ကတ်ဆတ်ဇာတ်လမ်းအဖြစ်လည်းကောင်း၊ ရုပ်ရှင်အဖြစ် လည်းကောင်း လူသိများခဲ့သည့် ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

အသူရာ (အတွဲ ၂)/ဇေ
Myanmar : ဦးနေမျိုးညွှန့် 2023
448p. ; 14x221cm.
null
USD : 22.50 / PB
430 gm.

https://www.marymartin.com/web?pid=860059

ငါ့သွေး ငါ့ဓား/ခူဝံ
Myanmar : ဦးစန်းဦး 2023
338p. ; 14x21cm.
null
USD : 9.75 / PB
280 gm.

https://www.marymartin.com/web?pid=860060

မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မဖြစ်သည့် ရှင်စောပုခေတ်ကို နောက်ခံ ထား၍ ရေးသားထားသော သည်းထိတ်ရင်ဖို ရာဇဝင်ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။ စာရေးဆရာကြီး ခူဝံ မကွယ်လွန်မီ နောက်ဆုံးရေးသားခဲ့သည့် ဝတ္ထုရှည်ဖြစ်ပြီး ဆရာကြီး၏ ငယ်လက်ရာ နာမည် ကျော် 'ကိုးသံချိုင်းသံဓား' ဝတ္ထုကြီးကို မဂ္ဂဇင်းဝတ္ထုရှည်အဖြစ် ပြန်လည်ရေးသားထားခြင်း ဖြစ်သည်။ အများနှစ်သက်စွဲလမ်းခဲ့သည့် 'ကိုးသံချိုင်းသံဓား" ဝတ္ထုကြီးကို မူဟန်တစ်မျိုးဖြင့် ပေါ့ ပေါ့ပါးပါး ဖတ်ရှုနိုင်ကြမည် ဖြစ်ပါသည်။

---

မြေနီနီလမ်းကြား/အင်ဖရော်ရီ
Myanmar : ဒေါ်သီတာမြင့် 2023
128p. ; 14x21cm.
9789997132581
USD : 8.25 / PB
118 gm.

https://www.marymartin.com/web?pid=860061

စာရေးသူ ရေးသားသည့် လုံးချင်းဝတ္ထုရှည်တစ်ပုဒ် ဖြစ်သည်။ ငယ်စဉ်က မိသားစု အတွင်း ကြုံတွေ့ခဲ့ရသည့် အိပ်မက်ဆိုးများ၏ ရိုက်ခတ်မှု၊ ခြောက်လှန့်မှုတို့ ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူ မိန်းကလေးတစ်ဦး၏ အဖြစ်အပျက်ကို စိတ္တဇဆန်ဆန် ကွင်းဆက်လူသတ်မှု များဖြင့် ဆက်စပ်လျက် သည်းထိတ်ရင်ဖို ဆွဲဆောင်ခေါ်ယူသွားမည့် စိတ်ပညာဆိုင်ရာ မှုခင်း ဇာတ်လမ်းတစ်ပုဒ် ဖြစ်သည်။

---

အကြံဉာဏ်ဖြင့် ကြီးပွားရေး/ရွှေဥဒေါင်း
Myanmar : ဦးစန်းဦး 2023
246p. ; 13x19cm.
9789997132314
USD : 9.00 / HB
194 gm.

https://www.marymartin.com/web?pid=860062

Napoleon Hill :: Think and Grow Rich: The Landmark Bestseller Now Revised and Updated for the 21st Century (Think and Grow Rich Series) op ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။

သူတစ်ပါးအောင် ကျော့ရအောင် လုပ်ယူသောနည်းများမဟုတ် ဘဲ လူတိုင်းတွင်ရှိတတ်သည့် ကြီးပွားရေးမျိုးစေ့ကလေးကို အညှောက်ပေါက်စေပြီး ကြီးထွားအောင် ပြုစုပေးမည့်စာအုပ်ဖြစ်ပြီး ဘာသာပြန်စာအုပ်ဆိုသည်ထက် မူရင်းစာအုပ်ပါ အကြောင်းအရာများကို ဗုဒ္ဓအဘိဓမ္မာလာ အကြောင်းအရာများ၊ စိတ်သဘာဝနှင့် ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့များနှင့် ပေါင်းစပ်ကာ ရေးသားထားခြင်း ဖြစ်သည်။ ပါဝင်သော အခန်းခေါင်းစဉ်များမှာ အောင်မြင်ခြင်း၏ အခြေခံဖြစ်သောတရား၊ ယုံကြည်ခြင်း၊ အဖန်တလဲလဲ ပွားများရခြင်း၊ ပညာရပ်တစ်ခုကောင်း တတ်မြောက်ခြင်း၊ စိတ်ကူးဉာဏ်၊ ကွက်စိပ်ရိုက်၍ အကြံထုတ်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ဇွဲကောင်းခြင်း၊ ဗိုလ်တစ်စု၏ တန်ခိုးအင်အား၊ လိင်စိတ်ဓာတ်ကို အသုံးချခြင်းတို့ ဖြစ်ကြသည်။

---

မင်းဒုက္ခနဲ့ မင်း (အင်္ဂလိပ် + မြန်မာ)/ဒေါက်တာသန်းထွန်း
Myanmar : ဦးဝင်းဖော်လတ် 2023
184p. ; 12x21cm.
2609201901031
USD : 11.25 / PB
180 gm.

https://www.marymartin.com/web?pid=860063

G. H. Luce ရေးသားသည့် Poems ကဗျာ စာအုပ်ကို ဆရာကြီး ဒေါက်တာသန်းထွန်း က ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ ဘာသာပြန်ဆိုသူက ကဗျာများနှင့် ပတ်သက်၍ " ... အတွေး ဆန်းတယ်၊ ဝေါဟာရကြွယ်တယ်၊ ရေးသားပုံကျစ်လျစ်တယ်။ ... "ဟု ချီးမွမ်းထားသည်။ မူရင်း အင်္ဂလိပ်ဘာသာကိုလည်း ထည့်သွင်းဖော်ပြပေးထားသည်။

---

သိစေချင်စမ်းပါဘိ/ဂျာနယ်ကျော်မမလေး
Myanmar : ဦးသိမ်းစိုး 2023
304p. ; 14x21cm.
9789998696655
USD : 12.75 / PB
272 gm.

https://www.marymartin.com/web?pid=860064

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်းကောင်း၊ စာပေလောကတွင် လည်းကောင်း ထဲထဲဝင်ဝင်ရှိခဲ့သူ စာရေးသူက သူ၏ ဘဝဖြတ်သန်းမှုအတွေ့အကြုံများ၊ မိသားစု ရေးရာများကို ဆောင်းပါး (၁၃) ပုဒ် ခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

စဉ်းစားမိသော အတွေးများ/ကျော်ကျော်လှိုင်
Myanmar : ဦးကျော်ကျော်လှိုင် 2023
170p. ; 14x21cm.
9789997157232

USD : 9.00 / PB
180 gm.

https://www.marymartin.com/web?pid=860065

COVID ကာလ အားလပ်ချိန်များတွင် စာရေးသူ တွေးမိသော အတွေးများကို ဆောင်းပါးများအဖြစ် ပြန်လည်မျှဝေထားခြင်း ဖြစ်သည်။

---

မျှော်လင့်ချက် ပြန်လည်ရှင်သန်ရာ အရပ်ဒေသတစ်ခု (A Place That Rekindles Hope)/ကောင်းစံသာ (ရေကြည်)
Myanmar : ချန့်ချန်စာပေ 2023
180p. ; 14x21cm.
9420610016238
USD : 9.00 / PB
200 gm.

https://www.marymartin.com/web?pid=860066

အောက်ခြေသိမ်းအလုပ်မှသည် ဘဝအခြေအနေအမျိုးမျိုးကိုဖြတ်သန်းခဲ့ပြီး လူအမျိုး မျိုး စရိုက်အထွေထွေနှင့် ထိတွေ့ဆက်ဆံခဲ့ရသူ စာရေးသူက ဘဝပေးအသိမှရလာသည့် လူတို့၏ အတ္တနှင့် ဒုက္ခများ၊ မျှဝေလိုသော ဘဝအနှစ်သာရများအကြောင်း၊ စာရေးသူ ဇာတိမြေရောက် ခံစား ချက်များကို ဆောင်းပါး (၂၄) ပုဒ် ခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

မြန်မာရာမအဖွင့် (ရာမဆောင်းပါးပေါင်းချုပ်)/ဇော်ဂျီ
Myanmar : ဦးစန်းဦး 2023
250p. ; 14x21cm.
9789997132741
USD : 10.50 / PB
250 gm.

https://www.marymartin.com/web?pid=860067

မြန်မာရာမဇာတ်နှင့် ပတ်သက်၍ နှစ်ပေါင်းများစွာ သုတေသနပြုခဲ့ပြီး ထိုသုတေသန ပြုချက်များမှတဆင့် တွေ့ရှိချက်၊ သုံးသပ်ချက်များကို ဆောင်းပါးများ၊ စာတမ်းများရေးသား မျှဝေခဲ့ သည့် ဆရာဇော်ဂျီ၏ မြန်မာရာမဆောင်းပါးများကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။

---

လူဆိုရင်တော့ မှား ... မှာပေါ့ (လူငယ်ဘဝအောင်မြင်ရေး ခွန်အားဖြည့်စာစုများ)/အာရုံသစ်
Myanmar : ဦးခင်မောင်ကြည် 2023
98p. ; 14x21cm.
2542979033606
USD : 7.50 / PB
118 gm.

https://www.marymartin.com/web?pid=860068

အမှားပြုလုပ်ခြင်းသည် လူများ၏ သဘာဝဖြစ်ပုံ၊ အမှားအယွင်းနှင့် တွေ့ကြုံလာရ သည့်အခါ ထွက်ပြေး ပုန်းလျှိုး ဝမ်းနည်းမနေဘဲ သင်ခန်းစာယူကာ လုပ်စရာရှိတာ ရဲရဲဝံ့ဝံ့လုပ်သွား ရန်လိုပုံကို ဆောင်းပါး (၁၄) ပုဒ်ခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

ဘဝမှာ ပို၍ပျော်ရွှင်ရအောင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ (ဘဝခွန်အားဖြည့် စာစုများ)/လောကသစ္စာ
Myanmar : ဦးခင်မောင်ကြည် 2023

100p. ; 14x21cm.
2542979033583
USD : 7.50 / PB
118 gm.

https://www.marymartin.com/web?pid=860069

မိမိကိုယ် မိမိချစ်တတ်လာပြီဆိုက၊ ဘဝကို ရောင့်ရဲတင်းတိမ်တတ်က စိတ်ဖိစီးမှုနည်း လာပြီး မိမိတန်ဖိုး မိမိသိလာကာ ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပုံကို ဆောင်းပါး (၂၈) ပုဒ်ခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

ကဗျာအချို့/အောင်ခင်မြင့်
Myanmar : ဦးစိန်ဝင်း 2023

116p. ; 14x21cm.
9248480504224
USD : 6.00 / PB
146 gm.

https://www.marymartin.com/web?pid=860070

စာရေးသူ ရေးစပ်သည့် ကဗျာ (၄) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ဒုက္ခနှင့် စီးချင်းထိုးခြင်း (စိတ်ခွန်အားဖြည့်စာစုများ)/သရာနောင်
Myanmar : ဒေါ်နွယ်နွယ်ဝင်း 2023

128p. ; 14x21cm.
null
USD : 7.50 / PB
152 gm.

https://www.marymartin.com/web?pid=860071

လူငယ်များ ထားရှိသင့်သည့် စိတ်ဓာတ်၊ ကျင့်ဝတ်၊ သိထားရမည့် ခေါင်းဆောင်မှု အရည်အသွေးနှင့် စီမံခန့်ခွဲမှု အစရှိသည်တို့ကို စာရေးသူ၏ ဘဝအတွေ့အကြုံများနှင့်အတူ ဆောင်းပါးများခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။ လူတိုင်းနီးပါး တွေ့ကြုံခံစားနေရသည့် ဒုက္ခ အခက်အခဲဆိုတာများကို ဘယ်လိုဘယ်ပုံ ဖြေရှင်းသင့်သည်၊

လူ့ဘဝလူ့လောကမှာ တွေ့ကြုံခံစား ရတတ်သည့် လောကဓံကို မည်သို့မည်ပုံ ရင်ဆိုင်အံတု ဖြေရှင်းသင့်သည်၊ အခက်အခဲဆိုတာ မလွဲမသွေတွေ့ကြုံရစမြဲမို့ တွေ့ကြုံရတတ်သည့် အခက်အခဲ အကြီး အသေးအလိုက် ဖြေရှင်းပုံ ဖြေရှင်းနည်းစသည်တို့ကို ဆောင်းပါးများတွင် ဖတ်ရှုကြရမည် ဖြစ်သည်။

---

တူမလေးအတွက် ရေးတဲ့စာ/လွင်ပြင်သစ်

Myanmar : ဒေါ်အိအိချို 2023

140p. ; 14x21cm.
9420610016252
USD : 7.50 / PB
152 gm.

https://www.marymartin.com/web?pid=860072

တူမလေးတစ်ယောက်ကို သိသင့်သိရမယ့် အကြောင်းအရာများကို စာရေးပြီး ပြော ဟန်ဖြင့် ရေးသားထားသော စာအုပ်ဖြစ်သည်။ ပျော်ရွှင်ခြင်း၏ အဓိပ္ပာယ်၊ သန်မာဖို့ လိုအပ်သည့် အကြောင်း၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေတတ်ရန်လိုပုံ၊ ဖြေရှင်းရခက်နေသည့် Toxic relationship များအကြောင်း၊ သောကမများတဲ့ marriage တည်ဆောက်ပုံ၊ ပျော်ရွှင်ခြင်းဆိုသည် ပစ္စည်းဥစ္စာရှိတာမရှိတာ ရုပ်ချောတာ ရုပ်ဆိုးတာ ရာထူးကြီးတာ မကြီးတာများနှင့် မဆိုင်ဘဲ လက်ရှိ အခြေအနေလေးကို ကျေနပ်နိုင်ဖို့နှင့် မိမိအခြေအနေကို လက်ခံတတ်ဖို့ပဲလိုပုံများကို အပိုင်း (၆) ပိုင်းခွဲ၍ ရေးသားမျှဝေထားသည်။

---

လင်လဲ့လဲ့လ (ကာလရသကဗျာများ)/မောင်စိန်ဝင်း (ပုတီးကုန်း)

Myanmar : ဦးမိုးဇော်ဟိန်း 2023

180p. ; 14x21cm.
7575891778633
USD : 12.00 / PB
176 gm.

https://www.marymartin.com/web?pid=860073

စာရေးသူ ရေးစပ်သည့် ကဗျာ (၁၄၀) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ကြုံခဲ့ဖူးသော မြင်အပ်၊ မမြင်အပ်များအကြောင်း/မင်းမော်

Myanmar : ဦးအာကာကျော် 2023

264p. ; 14x21cm.
2510199201341
USD : 12.75 / PB
246 gm.

https://www.marymartin.com/web?pid=860074

လျှို့ဝှက်နက်နဲသော တောင်တန်းများ၏ သဘာဝ၊ တောများ၏ ဂမ္ဘီရဆန်မှု၊ တမလွန် သားများအကြောင်း အစရှိသည်တို့ကို ခရီးသွားဘလော့ဂါတစ်ဦးဖြစ်သူ စာရေးသူက မှတ်တမ်းတစ် ခုအနေဖြင့် ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---

ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် အားမငယ်နဲ့ (စိတ်ဓာတ်ခွန်အားစာစုများ)/သံစဉ်သစ်
Myanmar : ဦးမောင်မောင်ထွဋ် 2023
98. ; 14x21cm.
9798233325472
USD : 4.50 / PB
116 gm.

https://www.marymartin.com/web?pid=860075

စာရေးသူ ရေးသားသည့် စိတ်ခွန်အားဖြည့် ဆောင်းပါး (၈) ပုဒ် စုစည်းမှု စာအုပ် ဖြစ်သည်။

---

သူများတွေလဲ ရပါစေ/အေးမွန်
Myanmar : ဦးမင်းထက်ဟန် 2023
176p. ; 14x21cm.
4472682675085
USD : 10.50 / PB
178 gm.

https://www.marymartin.com/web?pid=860076

ခရီးသွားခြင်းမှ ရရှိသည့် အတွေ့အကြုံများကို အက်ဆေးများအဖြစ် ခံစားဖွဲ့သီထား သည့် စာအုပ်ဖြစ်သည်။

---

KEY မဝင်ကြသူများ/မောင်ထက်ဝေ (ငါ့တရော်)
Myanmar : ဦးမျိုးချစ်နိုင် 2023
154p. ; 14x21cm.
9899570892013
USD : 8.25 / PB
186 gm.

https://www.marymartin.com/web?pid=860077

စာရေးသူ ရေးသားသည့် အတွေးအမြင်ဆောင်းပါး (၂၄) ပုဒ် စုစည်းမှု စာအုပ် ဖြစ်သည်။

---

ငါ့ပင်စည် ငါ့အကိုင်းအခက်များ/ကွန်စစ်ကောင်း
Myanmar : ဦးစိန်ဝင်း 2023
136p. ; 14x21cm.
9248480504590

USD : 7.50 / PB
140 gm.

https://www.marymartin.com/web?pid=860078

စာရေးသူ ရေးစပ်သည့် ကဗျာ ၇၆ ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

မှောင်မိုက်ခြင်းအတွက် လင်းရောင်စဉ် (အောင်မြင်မှု စကားစုများ)/ပီတိ (ပေကြီး)
Myanmar : ဒေါ်အိအိချို 2023
310p. ; 10x17cm.
9250011526483
USD : 7.50 / PB
164 gm.

https://www.marymartin.com/web?pid=860079

ဘဝကို အောင်မြင် ငြိမ်းချမ်း ကြွယ်ဝအောင်ပို့ဆောင်ပေးမည့် စိတ်ခွန်အားဖြည့် တစ်မျက်နှာ အောင်မြင်မှု စကားစုများ စုစည်းမှု စာအုပ်ဖြစ်သည်။

---

ကိုယ့်ဘဝက ကိုယ့်လက်ထဲမှာ/လွန်းထားထား
Myanmar : အောင်မြင်စာပေ 2023
148p. ; 14x21cm.
9095196566660
USD : 9.00 / HB
252 gm.

https://www.marymartin.com/web?pid=860080

စာရေးသူ ရေးသားသည့် အတွေးအမြင်ဆောင်းပါး (၃၁) ပုဒ် စုစည်းမှု စာအုပ် ဖြစ်သည်။

---

သူငယ်ချင်းများသို့ (Dear Friends)/ပိုင် (That's for U)
Myanmar : ဦးနိုင်ဝင်းဇော် 2023
160p. ; 14x21cm.
9697006061152
USD : 15.00 / HB
280 gm.

https://www.marymartin.com/web?pid=860081

စိတ်ဓာတ်ခွန်အား၊ ရုပ်ပိုင်း, စိတ်ပိုင်းကျန်းမာရေး၊ ချစ်ခြင်းမေတ္တာ၊ အသက်မွေးဝမ်း ကြောင်း၊ လူမှုဆက်ဆံရေး၊ အလေ့အကျင့်တို့နှင့် ပတ်သက်၍ ရေးသားခဲ့သည့် ဆောင်းပါး (၄၀) ပုဒ် စုစည်းမှုစာအုပ်ဖြစ်သည်။ သူငယ်ချင်းများကို

ပြောပြချင်သော၊ မပြောပြရသေးသော၊ ပြောနေကျ ဖြစ်သော အကြောင်းအရာများကို ပေါ့ပေါ့ပါးပါး ရေးသားဟန်ဖြင့် ဖတ်ရှုကြရမည် ဖြစ်သည်။

---

တန်ဖိုးရှိစွာ နေထိုင်ပါ (စိတ်ခွန်အားဖြည့် စာစုများ)/တိမ်သွေးအိမ်

Myanmar : ဦးနိုင်ဝင်းဇော် 2023

120p. ; 14x21cm.
9697006061176
USD : 6.75 / PB
144 gm.

https://www.marymartin.com/web?pid=860082

တန်ဖိုးရှိသည့် အချိန်များကို အကျိုးရှိအောင် အသုံးချပြီး နေထိုင်တတ်က ဘဝသည် ပျော်စရာကောင်းလာမည်ဖြစ်ပုံကို အပိုင်း (၂) ပိုင်းခွဲ၍ ရေးသားတင်ပြထားသော စာအုပ်ဖြစ်သည်။

---

Birthday Gift မွေးနေ့လက်ဆောင်/ဒေါက်တာခင်မောင်ညို

Myanmar : ဦးသိန်းလွင် 2023

32p. ; 10x16cm.
null
USD : 2.25 / PB
26 gm.

https://www.marymartin.com/web?pid=860083

အသက် (၈၀) ပြည့်အချိန်တွင် အခြားသူများကို မျှဝေလိုသည့် အတွေးများကို မျှဝေ ရေးသားထားသော စာအုပ်ဖြစ်သည်။

---

ချမ်းမြေ့ခြင်း လက်ဆောင်မွန် (အဆိုအမိန့် စာစုများ)/နန်းအိအိဇာ

Myanmar : ဒေါ်ခင်မျိုးမြတ် 2023

320p. ; 11x15cm.
9789997151728
USD : 10.50 / PB
194 gm.

https://www.marymartin.com/web?pid=860084

လူမှုကွန်ရက်စာမျက်နှာများတွင် ဖတ်ရှုမိခဲ့သော ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အဆိုအမိန့်များကို ဖတ်ရှုပြီးနောက် စိတ်ဓာတ်ခွန်အားရရှိခဲ့ရာ ၎င်းတို့အနက်မှ ကောင်းနိုးရာရာများ ကို လက်ရွေးစင်ရွေးချယ်၍ စာဖတ်သူများကို ပြန်လည်မျှဝေထားခြင်း ဖြစ်သည်။

---

အော်ကျူး တစ်ကိုယ်တော်မဂ္ဂဇင်း (Aww Kyuu's Solo Magazine)/အော်ကျူး
Myanmar : ဦးသိန်းဝင်း 2023
172p. ; 14x21cm.
null
USD : 9.75 / PB
184 gm.

https://www.marymartin.com/web?pid=860085

နေ့စဉ်လူမှုဘဝတွင် စီးမျောဖြတ်သန်းရင်း သတိသံဝေဂ ရဖွယ်များ၊ သင်ခန်းစာ ရယူ ဖွယ်များ၊ ဆင်ခြင်တွေးတောဖွယ်များ၊ ပျော်ရွှင်ကြည်နူးဖွယ်များ၊ လေးစားအားကျဖွယ်များ၊ ဟားတိုက်ရယ်မောဖွယ်များကို ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါးများအဖြစ် ရေးသားမျှဝေထား ခြင်း ဖြစ်သည်။

---

အဝါရောင်မြစ်ဖျား ဝတ္ထုတိုစုစည်းမှု/ရဲသျှမ်း , လင်းဇော်ဦး , ခင်သန္တာ , ကြယ်လွဲမိုး , စောနဒီ , ဖြိုးရတနာ (ရုက္ခဗေဒ) , မေခအောင် , ထွဏ်းမင်းလူ , သိမ့် , ခိုင်လေးညို , သံလွင်ငြိမ်း , ကျော်အောင်သစ် (မန္တလေး) , နဒီ , စစ်ပြေ , ဇော် (မြန်မာ) , မျိုးဏီ
Myanmar : လင်းလွန်းခင်စာပေ 2023
238p. ; 14x21cm.
9720171894932
USD : 10.50 / PB
234 gm.

https://www.marymartin.com/web?pid=860086

စာရေးသူ (၁၆) ဦးတို့၏ ကြည်နူးစရာ၊ လွမ်းမောစရာ သိင်္ဂါရဇာတ်လမ်းများ၊ လူ့အတ္တ ကို လှောင်ပြောင်သရော်သည့် ဇာတ်လမ်းများ၊ စိတ်အတွင်းပိုင်းက ပြင်းပြင်းရှရှ ခံစားချက်များနှင့် ဇာတ်ကွက်အလှည့်အပြောင်းများပါသည့် စိတ်ဝင်စားစရာဇာတ်လမ်းများကို ဤစာအုပ်တွင် ဖတ်ရှု ကြရမည် ဖြစ်သည်။

---

မေခင် ရွှေကျင်နေသည်နှင့် အခြားဝတ္ထုတိုများ/သန်းလင်း (ရွှေချောင်း - ပခုက္ကူ)
Myanmar : ဦးမျိုးဆင့် 2023
160p. ; 14x21cm.
4584216726195
USD : 7.50 / PB
160 gm.

https://www.marymartin.com/web?pid=860087

စာရေးသူ ရေးသားသည့် ဝတ္ထုတို (၁၆) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ရိတ်သိမ်းခြင်းခြေသံ ဝတ္ထုတိုများ/ကျော်စိုးလင်း (အ.လ.တ)

Myanmar : ဦးမျိုးချစ်နိုင် 2023

176p. ; 14x21cm.
9899570892020
USD : 9.00 / PB
208 gm.

https://www.marymartin.com/web?pid=860088

စာရေးသူ ကျင်လည်ရာ ဘ၀ဖြတ်သန်းမှုမှ အတွေ့အကြုံများကို ရသ၀တ္ထုရှည် ဇာတ်လမ်းတစ်ပုဒ်အဖြစ် ရေးသားထားခြင်း ဖြစ်သည်။

---

ကော်ဖီနှင့် ရသ၀တ္ထုတိုများ/စိန်လင်း (ခွဲစိတ်ကင်ဆာပါရဂူ)

Myanmar : ဒေါက်တာစိန်လင်း 2023

152p. ; 14x21cm.
null
USD : 9.00 / HB
282 gm.

https://www.marymartin.com/web?pid=860089

စာရေးသူ ရေးသားသည့် ရသ၀တ္ထုတို (၁၀) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ကျုပ်က သဘင်သည် (ဇာတ်လောကနောက်ခံ ၀တ္ထုတိုများ)/မင်းခိုင်

Myanmar : ဦးသန်း၀င်း 2023

100p. ; 14x21cm.
null
USD : 6.00 / PB
126 gm.

https://www.marymartin.com/web?pid=860090

သဘင်မေဂျာအထူးပြုဖြင့် ယဉ်ကျေးမှုတက္ကသိုလ် (မန္တလေး)မှ ဘွဲ့ရခဲ့ပြီး သဘင် လောကတွင် ကျယ်လည်လျက်ရှိသူ စာရေးသူက သူရေးသားသည့် ဇာတ်သဘင်လောကနောက်ခံ ၀တ္ထုတို (၉) ပုဒ်ကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။

---

အလင်းမဲ့ငှက်များ၏ တွဲပျက်ရထား (၀တ္ထုတိုစုစည်းမှု)/ဇင်မင်းထက်

Myanmar : လင်းလွန်းခင်စာပေ 2023

170p. ; 14x21cm.
2542979033620
USD : 9.00 / PB
164 gm.

https://www.marymartin.com/web?pid=860091

မီးရထားဝန်ထမ်းတစ်ဦးဖြစ်သူ စာရေးသူက သူရေးသားသည့် မီးရထားလောက နောက်ခံ ဝတ္ထုတို (၁၆) ပုဒ်ကို စုစည်း၍ စာအုပ်အဖြစ် ထုတ်ဝေထားခြင်း ဖြစ်သည်။

---

ငတော ငလုံး ဝတ္ထုတိုများ (အတွဲ ၈)/တွင်းကြီး ဝမ်းမောင်
Myanmar : ဒေါ်နီနီအောင် 2023

224p. ; 14x21cm.
2032022875982
USD : 9.00 / PB
212 gm.

https://www.marymartin.com/web?pid=860092

စာရေးသူ ရေးသားသည့် မုဆိုး၊ တောအကြောင်း တောင်အကြောင်း ဝတ္ထုတို (၁၆) ပုဒ် စုစည်းမှု စာအုပ်ဖြစ်သည်။

---

ဝတ္ထုတို ၁၀၀ (အတွဲ ၁ + ၂)/ဂျိုဇော်
Myanmar : ငါတို့စာပေ 2023

1v. (2 Books)
9444381983056
USD : 34.50 / PB
1082 gm.

https://www.marymartin.com/web?pid=860093

စာရေးသူ ရေးသားသည့် ဝတ္ထုတို ၁၀၀ ကို တစ်စုတစ်စည်းတည်း ဖတ်ရှုကြရမည့် စာအုပ်ဖြစ်သည်။

---

အင်ဒို - ပစိဖိတ် မဟာဗျူဟာနှင့် စိန်ခေါ်မှုများ/အလင်းဆက် (IR)
Myanmar : ဒေါ်စန်းစန်းလွင် 2023

192p. ; 14x21cm.
null
USD : 12.00 / PB
212 gm.

https://www.marymartin.com/web?pid=860094

အရှေ့အာရှနှင့် အရှေ့တောင်အာရှ ကမ်းရိုးတန်းဒေသများ၊ တစ်ဆက်တည်း ကမ်းလွန်ပင်လယ်ပြင်များ အပါအဝင် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာကြီးနှစ်ခုပါဝင်သည့် အင် ဒို - ပစိဖိတ်ဒေသအကြောင်း၊ ၎င်းသည် ကမ္ဘာ့ကုန်စည်နှင့် စွမ်းအင်များ သယ်ဆောင်ရာတွင် မဟာဗျူဟာကျသည့် နေရာ၊ ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် တရုတ်တို့၏ အားပြိုင်ရဆုံမှတ် ဖြစ်လာပုံ၊ ဒေသတွင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေး၊ ဒေသတွင်း စစ်ရေး၊ နိုင်ငံရေး

ဖြစ်စဉ်များ၊ ၎င်းဒေသနှင့်ပတ်သက်၍ အမေရိကန်၊ ရုရှားနှင့် တရုတ်တို့ အသုံးပြုသည့် မဟာဗျူဟာ အခင်းအကျင်း အစရှိသည်တို့ကို ရှုထောင့်စုံမှ သုံးသပ်ရေးသားထားသော စာအုပ်ဖြစ်သည်။

---

ကမ္ဘာ့အမွေအနှစ် ဖြစ်သင့်သည့် သံလွင်မြစ်/ဒေါက်တာခင်မောင်လွင်

Myanmar : ဦးကျော်ကျော်လှိုင် 2023

196p. 14x21cm.
9789997157317
USD : 9.00 / PB
218 gm.

https://www.marymartin.com/web?pid=860095

တရုတ်၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းနေသော မြစ်ရှည်ကြီး၊ ကမ္ဘာ ပေါ်၌ ရှခင်းအသာယာဆုံးဟု ဆိုနိုင်သလို ရေစီးအကြမ်းဆုံး မြစ်တစ်မြစ်၊ အရှေ့တောင်အာရှဒေသ တွင် ဆည်တာတမံပိတ်ဆို့ခြင်းခံရခြင်း မရှိသေးဘဲ လွတ်လပ်စွာစီးဆင်းနေသည့် အရှည်ဆုံး မြစ် တစ်စင်းဖြစ်သည့် သံလွင်မြစ်အကြောင်းကို ဆက်စပ်နေသော လူမျိုးများ၊ စီးဆင်းရာ ဒေသများ အကြောင်း၊ သံလွင်မြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ၊ သံလွင်မြစ်ကို ကမ္ဘာ့ အမွေအနှစ်အဖြစ် သတ်မှတ်ရန် လုပ်ဆောင်ရန် လိုအပ်ချက်များ၊ ရေဖူလုံရေး၊ စားနပ်ရိက္ခာ ဖူလုံရေး နှင့် စွမ်းအင်ဖူလုံရေးအတွက် အားကိုးရမည့် သံလွင်မြစ်ဝှမ်း၏ သဘာဝအခြေအနေ အစရှိသည်တို့ နှင့်အတူ ရှုထောင့်စုံမှ မှတ်တမ်းတင် ရေးသားထားသော စာအုပ်ဖြစ်သည်။

---

အင်းလေးကန်သာ/ကိုဖိုးအေး (မြန်မာ့အသံ)

Myanmar : ဒေါက်တာထွန်းလင်းအောင် 2023

286p. ; 14x21cm.
null
USD : 15.00 / PB
342 gm.

https://www.marymartin.com/web?pid=860096

အင်းလေးဒေသမှ ဖောင်တော်ဦးဘုရား အပါအဝင် အထင်ကရဘုရားသမိုင်းများ၊ ဒေသခံ အင်းသားလူမျိုးများအကြောင်း၊ ယဉ်ကျေးမှု၊ ဆင်ယင်ထုံးဖွဲ့မှု၊ ဓလေ့ထုံးစံ၊ ပွဲတော်များ၊ အင်းလေးဒေသမှ ထွက်ပေါ်ခဲ့သော ပုဂ္ဂိုလ်ကျော်များ၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု၊ အင်းလေးကန် ပျက်စီးယိုယွင်းစေသည့် အကြောင်းရင်းနှင့် ပညာပေး လုပ်ငန်းများ အစရှိသည်တို့ကို ရှုထောင့်စုံမှ မှတ်တမ်းတင် ရေးသားထားသော စာအုပ်ဖြစ်သည်။

---

ကော်နယ်တက္ကသိုလ်ရှိရာ အစ်သကာ/သိပ္ပကျော်စွာ ဒေါက်တာမျိုးသန့်တင်

Myanmar : ဆုပြည့်စုံထွန်းစာပေ 2023

216p. ; 14x21cm.
5080852240514
USD : 9.00 / PB

235 gm.

https://www.marymartin.com/web?pid=860097

စာရေးသူသည် ၁၉၈၈ ခုနှစ်က အမေရိကန်နိုင်ငံ ကော်နယ်တက္ကသိုလ်သို့ Post Doctorate Research Fellow အဖြစ် တက်ရောက်ခဲ့ရာ ယခုစာအုပ်သည် ကော်နယ်တက္ကသိုလ် အနီးရှိ 'အစ်သကာ' မြို့သို့ ရောက်ရှိခိုက် စာရေးသူ ရရှိခဲ့သည့် ရေခြားမြေခြား အတွေ့အကြုံများကို ဆောင်းပါးများခွဲ၍ ရေးသားမှျဝေထားခြင်း ဖြစ်သည်။

---

အရှေ့တစ်ခွင် ရောက်ခဲ့စဉ်က/ဂျာနယ်ကျော်မမလေး
Myanmar : ဦးသိမ်းစိုး 2023
USD : 9.75 / PB

https://www.marymartin.com/web?pid=860098

---

ဘာလဲဟဲ့ ... နိုင်ငံခြား (နိုင်ငံရပ်ခြား ပညာသင်တစ်ယောက်၏ ဘဝအတွေ့အကြုံ ဆောင်းပါးများ)/ဒေါက်တာတင်စိုး (အငြိမ်းစားပါမောက္ခ၊ ဌာနမှူး) (စီးပွားရေးပညာဌာန (ရန်ကုန်အဝေးသင်တက္ကသိုလ်))
Myanmar : ဒေါ်လွင်လွင်ကျော် 2023
170p. ; 14x21cm.
null
USD : 9.00 / PB
232 gm.

https://www.marymartin.com/web?pid=860099

ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့တွင် ပါမောက္ခ တာဝန်ထမ်းဆောင်ခဲ့သူ၊ ဂျပန်နိုင်ငံ ကိုဘေးတက္ကသိုလ်တွင် အငြိမ်းစားဧည့်ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်ခဲ့သူ၊ မြန်မာနိုင်ငံတွင် ရှားပါးသော ဘာသာရပ်ဖြစ်သည့် စိုက်ပျိုးရေးဘောဂဗေဒကို တ စိုက်မတ်မတ် လေ့လာခဲ့သူ စာရေးသူ၏ နိုင်ငံခြား ပညာသင်ခရီး အတွေ့အကြုံမှတ်တမ်း ဖြစ်သည်။ ဂျပန်ပညာတော်သင် (၃) နှစ်၊ ဩစတြေးလျပညာတော်သင် (၆) နှစ် အပါအဝင် အစိုးရ ကိုယ်စားလှယ်အဖွဲ့များနှင့် သွားရောက်ခဲ့သည့် အတွေ့အကြုံများ၊ ရောက်ရှိနိုင်ငံများ၏ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးဆိုင်ရာ အတုယူဖွယ်များ၊ တိုင်းသူပြည်သားများ၏ အတုယူဖွယ် စိတ်ဓာတ်ရေးရာများကို ဗဟုသုတဖြစ်ဖွယ် ရေးသားမှျဝေထားသည်။

---

မန္တလေးဒိုင်ယာရီ/အောင်အောင် (IR)
Myanmar : ဦးအောင်အောင် 2023
318p. ; 14x21cm.
9789998653573
USD : 13.50 / PB
354 gm.

https://www.marymartin.com/web?pid=860100

မန္တလေးရှိ နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသူ စာရေး သူက စစ်ကိုင်းနှင့် မကွေးတိုင်းရှိ မြို့ရွာများသို့ သွားရောက်ခဲ့စဉ် ရရှိခဲ့သည့် ခရီးသွားအတွေ့အကြုံ များ၊ မန္တလေးနှင့် ပတ်သက်၍ လေ့လာမှတ်သားမိသည်များ၊ မန္တလေးတွင် နေထိုင်စဉ် ဖွင့်လှစ်ခဲ့ သည့် ပညာဒါနသင်တန်း အတွေ့အကြုံများ၊ နိုင်ငံတကာ ပညာသင်ဆု လျှောက်လိုသူများအတွက် အကြံပြုချက်များကို ဆောင်းပါးများခွဲ၍ ရေးသားမျှဝေထားခြင်း ဖြစ်သည်။

---